AUSCO

ဩစတြေးလျားနိုင်ငံ ယဉ်ကျေးမှုနှင့် အကျွမ်းဝင် ကျင့်သားရစေခြင်းဆိုင်ရာ အစီအစဉ် သင်တန်း

# ဩစတြေးလျားနိုင်ငံအပေါ် ခြုံငုံသုံးသပ်ချက်



## ဘာသာစကား

အင်္ဂလိပ်စာသည် ဩစတြေးလျားနိုင်ငံ ၏ နိုင်ငံတော်ဘာသာစကားဖြစ်ပါသည်။ ဩစတြေးလျားတွင် အောင်မြင်စွာ အခြေချနိုင်ရေးအတွက် အင်္ဂလိပ်စာသင်ကြားရန် မလုပ်မဖြစ် လိုအပ်ပါသည်။ သို့သော်လည်း ဩစတြေးလျားတစ်ခွင်၌ အိမ်များ နှင့် လူမှုအသိုင်းအဝိုင်းများအတွင်း ဘာသာစကားပေါင်း 200 ကျော်ကို ပြောဆိုကြပါသည်။ ၎င်း၏အကြောင်းရင်းမှာ ဩစတြေးလျားလူဦးရေ၏ 25 ရာခိုင်နှုန်းနီးပါးသည် အခြားနိုင်ငံတစ်ခု၌ မွေးဖွားခဲ့ကြပြီး၊ ဩစတြေးလျားတွင် တိုင်းရင်း ဘာသာစကားပေါင်း 20 ကျော်ကို ဆက်လက်ပြောဆိုနေသောကြောင့်ဖြစ်ပါသည်။

## ဩစတြေးလျား၏ တိုင်းရင်း လူမျိုးများ

အဘော်ရီဂျီနယ်လ် နှင့် တောရက်စ် ရေလက်ကြား ကျွန်းသားများ သည် ဩစတြေးလျား၌ အကြမ်းဖျဉ်းအားဖြင့် နှစ်ပေါင်း 50,000 ကြာအတွက် နေထိုင်နေခဲ့ကြပြီး၊ ကမ္ဘာပေါ်၌ ရှေးအကျဆုံးသော ယဉ်ကျေးမှုများအနက် တစ်ခုဖြစ်ပါသည်။ တိုင်းရင်း ဩစတြေးလျားလူမျိုးများသည် ဩစတြေးလျား၏ ပြည်နယ် နှင့် ဒေသတစ်ခုစီ၌ နေထိုင်နေကြပါသည်။ ဩစတြေးလျား၏ အဘော်ရီဂျီနယ်လ် နှင့် တောရက်စ် ရေလက်ကြား ကျွန်းသားများသည် ဩစတြေးလျား၏ နေရာမျိုးစုံ၌ ကွဲပြားခြားနားသော ဘာသာစကား၊ ယဉ်ကျေးမှု နှင့် ဘာသာရေး ယုံကြည်မှုများ ရှိကြပါသည်။

## ယဉ်ကျေးမှုပေါင်းစုံရှိသော ဩစတြေးလျား

ဩစတြေးလျားတွင် အခြေချရန် ကမ္ဘာတစ်ဝန်းမှ ပြောင်းရွှေ့လာကြသူများရှိပါသည်။ 1945 ခုနှစ်ကတည်းက ဩစတြေးလျားသို့ ဒုက္ခသည်ပေါင်း 80,000 အပါအဝင် လူ 7.5 သန်းကျော် ပြောင်းရွှေ့လာခဲ့ကြပါသည်။

ဩစတြေးလျားလူမျိုးများ၏ လေးဆယ့်ခြောက် ရာခိုင်နှုန်းသည် ပင်လယ်ရပ်ခြား၌ မွေးဖွားခဲ့ကြသည် သို့မဟုတ် ပင်လယ်ရပ်ခြား၌ မွေးဖွားခဲ့ကြသည့် မိဘတစ်ဦးဦးရှိကြပါသည်။ ၎င်းသည် ဩစတြေးလျားအား ယဉ်ကျေးမှုပေါင်းစုံ လူ့ဘောင်အဖွဲ့အစည်းတစ်ခုဖြစ်စေပါသည်။

ဩစတြေးလျား၌ တရားဝင် သို့မဟုတ် နိုင်ငံတော် သာသနာဟူ၍ မရှိပါ။ ဩစတြေးလျားလူမျိုးများအားလုံး ကိုးကွယ်သည့် ဘာသာတရား၏ ဥပဒေများသည် ဩစတြေးလျား ဗဟိုအစိုးရ ဥပဒေများ၊ ပြည်နယ် နှင့် ဒေသ ဥပဒေများတို့အား မဆန့်ကျင်သမျှ ကာလပတ်လုံး၊ ၎င်းတို့အနေနှင့် မိမိတို့ ကြိုက်နှစ်သက်ရာ သာသနာကို  လွတ်လပ်စွာ ယုံကြည်သက်ဝင်ခွင့်ရှိပါသည်။

တန်းတူညီတူဖြစ်မှု၊ ဒီမိုကရေစီ၊ လွတ်လပ်မှု နှင့် လူတိုင်းအပေါ် လေးစားခြင်းရှိမှုတို့၏ စံတန်ဖိုးများက ဩစတြေးလျားပြည်သူပြည်သားများအားလုံး ကို ညီညွတ်စေပါသည်။


Australian Government
Department of Social Services

ဩစတြေးလျားနိုင်ငံ လူမှုဝန်ဆောင်ရေးဌာန ၏
ကိုယ်စား အပြည်ပြည်ဆိုင်ရာ ပြောင်းရွှေ့နေထိုင်ရေးရာ အဖွဲ့အစည်း မှ
ပို့ချပေးသည်။

IOM • OIM